TWO CATS PUBLICATION
မောင်မျိုး
စာပေ



# သဝိဓဖ့ဒ

မင်းခိုက်စိုးစန်

# ဒီဟာသည် သင် ဖတ်ချင်သော ဝတ္ထုမျိုး မဟုတ်

(၁)

ကျွန်တော့် ရှေ့က စားပွဲပေါ်တွင် သီချင်းစာသားအပိုင်းအစတွေ ရေးသားထားသည့်စာရွက်များ ပြန့်ကျဲနေကြသည်။ တချို့ စာရွက်တွေ က ဆုပ်နယ်လုံးချေခံထားရ၏ ။ တချို့ ကိုတော့ အပိုင်းပိုင်းအစစ ဖြစ်အောင် ဆုတ်ဖြဲထားသည်။

အပြင်အပမှ လေတစ်ချက်ဝှေ့တိုက်လိုက်သော ကြောင့် ပြတင်းပေါက်မှ ခန်းဆီးလိုက်ကာစ လှုပ်ယမ်းသွားသည်။ စားပွဲပေါ်မှ စာရွက်အပိုင်းအစများ သည်လည်း ကြမ်းပြင်ပေါ်သို့ လျောခနဲ လွင့်ကာကျသွားကြ၏ ။

ထိုင်ခုံနှင့် အနီးဆုံးမှာ ကျနေသော စာရွက်အပိုင်းအစတစ်ခုကို ကျွန်တော် ကောက်ယူပြီး ဖြန့်ကာ ဖတ်ကြည့်လိုက်၏ ။ စောစောကတင် ကျွန်တော် ရေး ခြစ်ထားသော သီချင်းစာသားတစ်ပိုင်းတစ်စ ဖြစ်သည်။ ဘာတဲ့....။

"အမှောင်ရှိရင်.... အလင်းလည်းရှိရမယ်"

ကျွန်တော် နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်မိသည်။ ဟုတ်တာပေါ့....၊ အလင်းရှိပါသည်။ လောလောဆယ်တော့..... "အလင်း" ဝက်သားဒုတ်ထိုးရောင်းနေ၏ ။

ကျွန်တော် တို့လမ်းထိပ်မှာ ဝက်သားဒုတ်ထိုးရောင်းသော တရုတ်ကလေး၏ အမည် မှာ "အလင်း" ဖြစ်ပါသည်။

"ဟူး...."

ကျွန်တော် သက်ပြင်းတစ်ချက်ကိုချရင်း စာရွက်အပိုင်းအစလေးကို ပြတင်းပေါက်အပြင်ဘက်သို့ လက်ဖြင့် ကောက်ကာ လွှင့်ပစ်လိုက်သည်။

သွားပြီ။ ဒီနေ့အဖို့တော့ ဘာစကားလုံးမှ ရေး ၍ ရတော့မည် မထင်ပါ။ ရင်ထဲမှာ ဘာကိုမှ ရေရေရာရာဖမ်းဆုပ်၍ မရနိုင်သလို ဖြစ်နေ၏ ။

ရင်ဝမ်းခေါင်းတစ်ခုလုံးတွင် စိတ်ဖိစီးမှု က မီးပုံးပျံအတွင်း းပိုင်း၌ မှု င်းဝနေသလိုမျိုး တင်းကျပ်ဖောင်းကားနေလေသည်။

သည်လို စိတ်ဖိစီးမှု များ ခံစားရအောင် လာအနှောင့်ယှက်ပေးသော တရားခံမှာ လွန်ခဲ့သည့်နှစ် ရက်ခန့်က ကျွန်တော့် ထံမှာ သီချင်းတစ်ပုဒ် လာအပ်သော လူ တစ်ယောက် ဖြစ်သည်။

အရင်က သူ့ကို တစ်ခါမှ ကျွန်တော် မြင်လည်းမမြင်ဘူး၊ သူ့အဆိုတော် နာမည် ကို ကြားလည်း မကြားဘူးချေ။

အခုမှစပြီး သီချင်းခွေသွင်းဖို့ ကြိုး စားနေသူ တစ်ယောက် ဖြစ်မည် ဟု စိတ်က ထင်လိုက်မ၏ ။

ထိုသူက သူ့ကိုယ်သူ မိတ်ဆက်ပြီးသည်နှင့် ....

"ကျွန်တော် .... ဆရာဆီမှာ သီချင်းတစ်ပုဒ်လောက် အပ်ချင်လို့ပါ"

ကျွန်တော် က "ရပါတယ်" ဟု ပျင်းရိပျင်းတွဲ ပြောလိုက်ပြီးနောက် ကျွန်တော် ယူလေ့ယူထရှိသော အနုပညာကြေးကို အနည်းငယ် ပိုပိုသာသာပြောပြီး ဈေးတိုးကာတောင်းလိုက်သည်။ သို့သော် .... ထိုသူက ငွေရေး ကြေးရေး ကိစ္စကို လုံးဝ နမြောတွန့်တိုပုံမရဘဲ....

"ကိစ္စမရှိပါဘူး.... ဆရာ။ ကျွန်တော် လိုချင်တဲ့ သီချင်းမျိုး သာရရင်တော် ပါပြီ"

"ခင်ဗျားက ဘယ်လိုသီချင်းမျိုး လိုချင်လို့လဲ"

"ဒီလို.... ဆရာရယ်။ အရမ်းမိုက်ဆာနေတဲ့အကြောင်းကို ရေး ထားတဲ့သီချင်း...."

"ဗျာ"

ကျွန်တော် မျှော်လင့်ထားသလို မဟုတ်သော ကြောင့် အနည်းငယ်တော့ အံ့သြသွား၏ ။ ထိုကြောင့် .... သေချာအောင် ကျွန်တော် က ထပ်မေးလိုက်သည်။

"ဘယ်လို.... ခင်ဗျားဟာက.... ကျုပ်ကို သေသေချာချာလည်းနားရှင်းအောင် ပြောစမ်းပါဦးဗျ။ ဆိုလိုတာက.... ဥပမာဗျာ.... ကောင်မလေး တစ်ယောက် က မိုက်ဆာနေမယ်။ အဲဒါကို သူ့ချစ်သူကောင်လေးက မုန့်တွေ ဝယ်လာပြီး ချစ်သူကိုချော့မယ်။ ချစ်ခြင်းရဲ့ ကိတ်မုန့်လေး ဘာ....ညာ....ပေါ့။ အဲဒါမျိုး လား"

"မဟုတ်ဘူး....ဆရာ၊ မဟုတ်ဘူး"

ထိုသူက အတည်ပေါက်ကြီးဖြင့် ရှုံ့ ရှုံ့ ရှားရှား ဖြစ်သွားကာ အတင်းကန့်ကွက်၏ ။ ကျွန်တော် က သူ့အမူအရာကိုကြည့်ပြီး....

"ဪ.... ခင်ဗျားက လေးလေးနက်နက်အကြောင်းအရာမျိုး ကို ဆိုချင်တာထင်တယ်။ ဘဝဒဿန ပေါ့....၊ ဟုတ်လား....။ ဥပမာ....ဒီလိုဗျာ၊ လူဆိုတာ မိုက်ဆာမယ်.... သမုဒ္ဒဝမ်းတစ်ထွာအတွက် ဘဝကို ရုန်းကန်ရမယ်။ တကယ်တော့ လူတွေ အားလုံး စားသောက်နေတဲ့ ထမင်းစားပိုင်းတစ်ခုလုံးဟာ အနိစ္စ.... ဒုက္ခတရားတွေ ကို အငွေ့တလူလူနဲ့ စားနေကြတာပဲ.... ဘာ.... ညာ ပေါ့။ ဟုတ်တယ်မဟုတ်လား....။ အဲဒါ ဗုဒ္ဓတရားတော် နဲ့လည်း နီးစပ်သွားမှာ ပဲ။ ဒါမျိုး ဆို ဘဝဒဿန ပါတယ်ဆိုပြီး လူတွေ ကြို က်တတ်ပါတယ်...."

ထိုသူက ခေါင်းကို ခပ်ကြမ်းကြမ်းယမ်းခါပြီး....

"မဟုတ်ဘူး....ဆရာ၊ လုံးဝမဟုတ်ဘူး။ ကျွန်တော် လိုချင်တာ အဲဒါမျိုး မဟုတ်ဘူး။ ဒဿန တွေ ဘာတွေ လည်း မထည့်ပါနဲ့"

ကျွန်တော် က စိတ်ရှုပ်ရှုပ် ဖြစ်လာသော ကြောင့် ....

"ဒါဖြင့် ....ခင်ဗျားက ဘာလိုချင်တာလဲ"

"မိုက်ဆာတာသက်သက်ပဲ.... ဆရာရယ်။ လူ တစ်ယောက် မိုက်ဆာလို့ အော်နေတယ်....ဒါပဲ။ သူ အော်ဟစ်နေတာကိုက "သီချင်း" ဖြစ်ရမယ်။ ဒါကို ကြားလိုက်ရတဲ့သူတိုင်းကလည်း အဲဒီ ကက်ဆက်ထဲက လူဟာ မိုက်ဆာလို့ အော်နေတာမှန်း

သိရမယ်ဗျာ....ဒါပဲ”

ထိုသူပြောနေပုံကိုက မောကြီးပန်းကြီးနိုင်လွန်းနေသည်။ စကားအဆုံးတွင် ထိုသူက သက်ပြင်းပူပူတစ်ချက်ကို “ဖူး” ခနဲ စိတ်မရှည်သလို မှုတ်ထုတ်လုပ်သေး၏ ။

သူ့ဆိုလိုရင်းကို ကျွန်တော် လို နလပိန်းတုံး တစ်ယောက် က လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်း သဘောမပေါက်နိုင်လွန်းသည့်အတွက် စိတ်မောလူမော ဖြစ်နေရပုံမျိုး ပင်....။

ထိုသူ့အမူအရာကြောင့် ကျွန်တော် အတော် လေး စိတ်ကသိကအောက်တော့ ဖြစ်သွားသည်။

အစ ကတော့.... ငြင်းပယ်လိုက်ဖို့ စိတ်ကူးမိသေးသည်။ သို့ သော် .... ဘာပဲပြောပြော စိတ်ဝင်စားစရာ ကောင်းနေသော ကြောင့် ကျွန်တော် အလိုလို ခေါင်းညိတ်မိသွား၏ ။

“ကောင်းပြီလေ.... ကျွန်တော် ကြိုး စားကြည့်လိုက်ဦးမယ်”

ဒီစကားလုံးတွေ ကျွန်တော့် ပါးစပ်ထဲမှ ဘယ်က ဘယ်လိုထွက်ကျသွားသည်ကိုပင် သတိမထားမိလိုက်။

ထိုသူ ကတော့ အဲသည်စကားကို ကြားရသည်နှင့် နှုတ်ပင်မဆက်တော့ပဲ ဆတ်ခနဲ ထပြန်သွားသည်။

အဲသည်ညက ကျွန်တော် လုံးဝ အိပ်မပျော်ခဲ့။

လရောင် ကိုလည်း လုံးဝမတွေ့ရခဲ့။ (တစ်စုံ တစ်ယောက် က လရောင် ကို ခိုးဝှက်ယူသွားသည်ဟု ထင်ပါသည်။) မှော င်အတိကျနေ၏ ။

မီးခလုတ်ကို သင် မဖွင့်ပေးနိုင်ဘူလား။

မနေ့ကပင် ထိုသူ ထပ်ရောက်လာခဲ့သေးသည်။ ဒီတစ်ခါတော့သူက လောကဝတ်စကားတွေ .... နိဒါန်းတွေ ပင် သွယ်မနေတော့ပဲ သူလိုချင်သည်ကိုသာ

တန်းပြီးပြောတော့သည်။

"ဒီမယ်....ဆရာ၊ ကျွန်တော် နောက်ထပ် သီချင်းတစ်ပုဒ်ထပ်ပြီး အပ်ချင်တယ်"

"ဩော်.... ကိုယ့်လူ၊ ဘာများ အရှူးထလာပြန်ပြီလဲ"

ကျွန်တော့်ပါးစပ်မှ လွှတ်ခနဲထွက်သွားသည့်စကားက ရိုင်းပြသွားသော် လည်း ထိုသူ ကတော့ သတိထားမိပုံမရဘဲ....

"ဒီတစ်ခါတော့ တံတွေ းထွေးတဲ့အသံတွေ ကို သီချင်း ဖြစ်အောင် လုပ်ပေးစမ်းပါဗျာ"

"ဘာ.... ဘယ်လို...."

"ထွီ....ထွမ်....နဲ့ လူတွေ တံတွေ းထွေးကြတာကို ကြားဖူးတယ် မဟုတ်လား။ တစ်ချို့က ကွမ်းတံတွေ းထွေးတယ်ဗျာ၊ တစ်ချို့ က ရိုးရိုးတံတွေ းပဲထွေးတာ.... အကျင့်ပါနေလို့ ထွေးတဲ့လူရှိတယ်၊ ရွံရှာ စက်ဆုပ်လို့ ထွေးတာရှိသလို.... မကျေမနပ် ဖြစ်လို့၊ ဒေါသ ဖြစ်လို့ ဘာမှမတတ်နိုင်ဘဲ လက်လျှော့အရှုံးပေး လိုက်ရလို့.... မျှော်လင့်ထားတာ ဖြစ်မလာလို့...."

"အင်း....အင်း...."

"အဲဒီ လို အကြောင်းအမျိုး မျိုး ကြောင့် ထွေးတဲ့တံတွေ းထွေးသံတွေ ကို သီချင်းလုပ်ပြီး ဆိုချင်တယ်ဗျာ။ ဩော်....ဆရာရဲ့ တစ်ပဲခြောက်ပြားတန် ဒသ နအတိုအစတွေ ကိုတော့ သီချင်းထဲမှာ လျှောက်မထည့်နဲ့ဦးနော်....။ ခေတ်မီသလိုလို၊ ဆန်းသစ်သလိုလို အကြံအဖန်လုပ်ထားတဲ့ ဒသ နတွေ နဲ့ လုပ်စားကိုင်စားလိုက်ဦးမယ်လို့တော့ စိတ်မကူးနဲ့.... ဆရာရေ။ ပရိသတ်က ဘယ်ဟာက မဟုတ်ဘူး။ တံတွေ းထွေးသံတွေ ကို နားထောင်ပြီး ဘယ်ဟာက ဘာအဓိပ္ပာယ်လဲဆိုတာ သူတို့ဘာသာသူတို့ ခံစားကြလိမ့်မယ်"

သူ၏ နောက်ဆုံးစကားတွေ က ကျွန်တော့် အပေါ် ဆရာလုပ်သလိုလို၊ စော်ကားသလိုလို ဖြစ်လာသော ကြောင့် စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားပြီး "ခင်ဗျား...

သိပ်တတ်နေရင်လည်း ခင်ဗျားဘာသာ ခင်ဗျားပဲ ရေး လိုက်ပါ့လား။ ဘာ ဖြစ်လို့ ကျုပ်ကို လာအပ်နေရသေးတာလဲ”

“စိတ်မဆိုးပါနဲ့....ဆရာရယ်။ အခု ကျွန်တော် ပြောတဲ့ သီချင်းလေးကိုသာ ကောင်းကောင်းလေး ရေး ထားလိုက်စမ်းပါ။ ကျွန်တော် ဘယ်နေ့လာယူရမလဲ ဟင်”

အရူးလား အကောင်းလား ခွဲခြားမသိရသော ထိုသူနှင့် ကျွန်တော် ဆက်ပြီး စကားမပြောချင်တော့....။

ထိုကြောင့် ....

“ဟေ့လူ....၊ ခင်ဗျား ကျုပ်ရှေ့က အခုထွက်သွားစမ်းဗျာ”

သူ့ကို ကျွန်တော် မောင်းထုတ်လိုက်ချိန်တွင် အခန်းက မှော င်လွှမ်းနေခဲ့သည်။

*********

ခက်တော့ခက်နေသည်။

ကျွန်တော် ဘယ်သီချင်းကိုမှ ရေး လို့မရတော့ချေ။ ထိုသူပြောသွားသေ စကားတွေ က ကျွန်တော့်ဦးခေါင်း ထဲမှာ ကားစင်တင်ထားသလို စူးနစ်နေကြ၏ ။

မိုက်ဆာတဲ့....အသံ။

ဘယ်လိုမျိုး လဲ.... ငါ ဘယ်လိုဖန်တီးရမလဲ။ ကျွန်တော့် ဦးနှောက်ထဲမှာ မှော င်အတိကျနေ၏ ။

ဒီလိုအသံကို ဖန်တီးယူလို့ရပါ့မလားဆိုသည်ကိုလည်း မိမိဘာသာ မိမိ မယုံမရဲ ဖြစ်လာသည်။

ထိုကြောင့် စာရေး စာပွဲမှာ မထိုင် ဖြစ်တော့ဘဲ လမ်းတွေ ပေါ်ဦးတည်ရာမဲ့ လျှောက်သွားနေမိသည်။

တိမ်တွေ သည် ဆာလောင်မွတ်သိပ်တတ်သလား၊ ကျွန်တော် မသိပါ။ လမ်းမများ သည်ကော ဆာလောင်မွတ်သိပ်တတ်ပါသလား။ လမ်းတွေ ပေါ် ထွေးပစ်ခဲ့သော တံတွေ းတွေ ရှိသလို.... လမ်းမတွေ က ထွေးထုတ်သည့်အရာတွေ ကော ဘာတွေ ပါလိမ့်။

"မေးပါများ လျှင်စကားရသည်"....ဟု မည် သူတွေ ပြောခဲ့ကြပါသလဲ။ သင်တို့မှာ ကော အဖြေကင်းမဲ့သည့် မေးခွန်းတွေ မရှိကြဘူးလား။

သည်လိုဆိုလျှင်.... "အချစ်ဆိုတာ ဘာလဲ"ဟု လူတွေ အခုထက်တိုင် မေးနေကြသေးတာလဲ။ "အနုပညာဆိုတာ ဘာလဲ"ဟု ခေတ်အဆက်ဆက်မှာ ကျမ်းအစောင်စောင် ရေး ခဲ့ကြသေးသလဲ။ "လှပခြင်း" ဆိုသည်မှာ ဘယ်အရာကို ဆိုလိုမှန်း ခုထိ မည် သူကမျှ ယတိပြတ် အဖြေမပေးနိုင်ပဲ ဖြစ်နေကြပါသေးသလဲ။

မေးပါများ လျှင် "စကား" တွေ ကိုတော့ အများ ကြီးရလာနိုင်ပါသည်။ "အဖြေ" ကတော့ ရလိမ့်မည် မဟုတ်ပါ။ မေးပါများ "အဖြေ" ရ....လို့မှ ဆိုရိုးစကားမရှိသည်ပဲ။ အဖြေမရတော့ မေးခွန်းဆိုသည်မှာ လည်း အဓိပ္ပာယ်မရှိတော့ပါ။

လူ ဖြစ်ရခြင်းမှာ အဖြေကင်းမဲ့သော မေးခွန်းများ နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ဖို့ပဲ ဖြစ်ပါသည်။

အမှော င်နှင့် အတူ ယှဉ်တွဲ နေထိုင်သော လမ်းမတစ်ခုပေါ်လျှောက်လာရင်း စူးစူးရှားရှား အော်ဟစ်လိုက်သည့် လသားအရွယ် ကလေးငယ်လေး တစ်ယောက် ၏ ငိုသံကို ကျွန်တော် ကြားလိုက်ရ၏ ။

ကလေး၏ ငိုသံက အမှော င်ထု၏ တံခါးရွက်တွေ ကို တဒုန်းဒုန်းမြည် အောင် ကျယ်လောင်စွာ ခေါက်နှိုးနေသည်။

ဒါ....ဒါ.... နို့ဆာလို့ ငိုနေတဲ့ ကလေး တစ်ယောက် ရဲ့ ငိုသံပဲ။

ကျွန်တော့် နှလုံးသားထဲတွင် ဖျတ်ခနဲလင်းပွင့်သည့် အာရုံခံစားမှု က အလိုလိုသိလိုက်၏ ။

"ဗိုက်ဆာတဲ့အသံ...." ဆိုတာ ဒါမျိုး လား။

ထိုအတွေ းနှင့် အတူ နို့ဆာသဖြင့် ငိုကြွေးနေသော ကလေးငယ်ကို ကျွန်တော့်မျက်လုံးများ က အလိုအလျောက် ရှာဖွေလိုက်မိ၏ ။

မိန်းမငယ် တစ်ယောက် က လမ်းဘေးတွင် ဈေးဗန်းချကာ တစ်စုံတစ်ရာကို အော်ဟစ်ရောင် းချနေသည်။ ဝယ်သူ တစ်ယောက် နှစ် ယောက် ရှိနေသဖြင့် သူမ၏ ရင်ခွင်ထဲတွင် ပိုက်ချီထားသော ကလေးငယ်ကို နို့မတိုက်အားသေး။

မိခင် ဖြစ်သူက ဈေးရောင် းနေသည်။ ဆာလောင်မွတ်သိပ်နေသော ကလေး၏ ငိုသံက မိခင်၏ ဈေးခေါ်သံတည့်ည့်ကို ဖောက်ထွက်လာ၏ ။

ဒါဟာ.... ငါ ရေး ဖို့ရှာနေတဲ့သီချင်းလား.... ဟု ကျွန်တော် မရေရာစွာ တွေ းနေမိစဉ်မှာ ပင်....

"ထွီ...."

လမ်းဘေးအမှော င်ရိပ်ထဲမှ ကွမ်းတံတွေ းထွေးသံကို ကြားလိုက်ရသည်။ ကျွန်တော် လှည့်ကြည့်လိုက်တော့ ကားဒရိုင်ဘာတွေ ၊ ဆိုက်ကားသမားတွေ ၊ ကုန်ထမ်းအလုပ်သမားတွေ ....၊ သီရိမင်္ဂလာဈေး၏ မျက်နှာစာ အမှော င်ထဲမှာ ....။

နယ်မှ.... ကုန်စိမ်းများ ကို သယ်ဆောင်လာမည့် ထရပ်ကားကြီးတွေ ရောက်အလာကို စောင့်ဆိုင်းနေကြပုံရ၏ ။ သူ့တို့ပါးစပ်ထဲမှာ ကွမ်းယာတွေ ကို ဒေါသတကြီး ဝါးနေကြသည်။ သို့ မဟုတ် မျှော်လင့်တကြီး ဝါးနေကြသည်။

ပြီးတော့.... အဓိပ္ပာယ်မျိုး စုံဖြင့် ထွေးထုတ်နေကြသည်။ သို့ မဟုတ်.... အဓိပ္ပာယ်ကင်းမဲ့စွာ ထွေးထုတ်နေကြသည်။

ကွမ်းတံတွေ းများ သည် အမှော င်နံရံကို တဗျစ်ဗျစ်ထိစင်သွားကြ၏ ။

ရုတ်ချည်းလိုလိုပင်.... ကျွန်တော့် စိတ်ထဲ၌ တုန်လှုပ်ချောက်ချားလာသလိုလို ခံစားလိုက်ရသည်။

"ဒီနေရာကနေ ငါ အမြန်ဆုံးထွက်သွားမှပဲ"

ဟူသည့် အတွေးက ဘာကြောင့် မှန်းမသိ ပေါ်လာသည်။

ကျွန်တော့် ခြေလှမ်းတွေ က အမှောင်နှင့် ဝေးရာကို မပြေးရုံတမယ် ထွက်လာခဲ့တော့သည်။

*********

လာ.... တီဒို....၊ လာ....တီဒို....၊ ဆို....လာဆို....၊ ဖာ....ဆိုဖာ....၊ မီ....ရေမီဒို....

သီချင်းသံက ကျွန်တော့် နားစည်အံ့တစ်အုံလုံး ကွဲထွက်မတတ် ဟိန်းထွက်ကျယ်လောင်နေသည်။

တံတွေ းထွေးသံတွေ ....ကလေးငိုသံတွေ က ကျွန်တော့်နောက်မှ ကပ်လိုက်ပါလာကြ၏ ။

ဦးဆုံးတွေ ့လိုက်ရသည့် တက္ကစီတစ်စီးထဲသို့ ကျွန်တော့် တစ်ကိုယ်လုံးပစ်ပြီး ဝုန်းကနဲ ဝင်ထိုင်လိုက်သည်။

ထိုင်ချလိုက်မိပြီးတော့မှပင် ကျွန်တော့် တစ်ကိုယ်လုံး ချွေးစေတွေ ထွက်ကာ မောဟိုက်တုန်ယင်နေမှန်း သတိထားမိတော့၏ ။

တက္ကစီဒရိုင်ဘာက ကျွန်တော့် ကို အံ့ဩသလိုကြည့်ရင်း....

"အစ်ကို....၊ ဘယ်သွားမှာ လဲ"

သူ့အမေးကြောင့် ကျွန်တော် ကြောင်စီစီ ဖြစ်သွား၏ ။ ဟုတ်ပါရဲ့ .... ငါ ဘယ်ကိုသွားမှာ လဲ။ အမှော င်ထဲကနေ အပြင်ကို သွားချင်တယ်.... ဟု ဖြေလိုက်လျှင် ကျွန်တော့် ကို "အရူး" ဟု ထင်သွားမည် မှာ သေချာသည်။

ထို့ကြောင့် .... ကျွန်တော် က

“မင်းကကော ဘယ်ကိုသွားချင်တာလဲ”

တက္ကစီဒရိုင်ဘာလေးက မျက်မှောင်ကုပ်ကာ စဉ်းစားလိုက်ပြီး

“ဟင့်အင်း.... ကျွန်တော် က ဘယ်ကိုမှ မသွားချင်ပါဘူး”

ကိုးယိုးကားယားနိုင်သော အ ဖြစ်အပျက်တစ်ခု ဖြစ်သည့်တိုင်သိပ်ကို မှန်ကန်လွန်းသော အဖြေတစ်ခုလည်း ဖြစ်၏ ။

သူသည် မော်တော် ကားဟုခေါ်သော ရွေ့လျားနိုင်သည့် ယာဉ်တစ်ခုကို မောင်းနှင်၏ ။ သူက ဘယ်ကိုမှ သွားချင်နေသူမဟုတ်။

ရွေ့လျားမောင်းနှင်ခြင်းသည်သာ တက္ကစီဒရိုင်ဘာ တစ်ယောက် ၏ ဘဝ ဖြစ်သော ကြောင့် သွားနေ ရွေ့နေရခြင်း ဖြစ်၏ ။

ဦးတည်ရာအရပ်ထဲမှာ သူ့အမိပ္ပာယ်ဖွင့်ဆိုချက် မပါဝင်ချေ။ ငါတို့အားလုံး ဒီလိုပဲလား။

ခင်ဗျားတို့ကော.... သူ့လိုပဲ ဘယ်မှမသွားချင်ကြဘူးလား....။

ဘဝဆိုတာ ရွေ့လျားနေတယ်ဆိုရုံလေး သက်သက်ပဲလား....။

ကျွန်တော့် ကိုယ်ကျွန်တော် ပြန်မေးလိုက်သည်။

“ငါကကော ဘယ်ဆီကို ဦးတည်ရွေ့လျားမှာ လဲ”

*********

အမှောင်နှင့် ဝေးရာဆီကိုလား....။

ကျွန်တော် ရေး မည့် သီချင်း ပြီးပါပြီ။ ကျေးဇူးပြု၍ ဒီသီချင်းကို သင်.... သီဆိုလိုက်ပါ။

ကျွန်တော် တို့ ခန္ဓာကိုယ်ထဲတွင် မီးလုံးလေးတစ်လုံးရှိပါသည်။

မီးလင်းစေလိုလျှင် ထို မီးခလုတ်လေးကို ဖွင့်လိုက်ရုံသာ ဖြစ်၏ ။

သို့ သော် ....ခက်နေသည်က....

ကျွန်တော် တို့က ကျွန်တော် တို့ ခန္ဓာကိုယ်ထဲရှိ မီးခလုတ်လေးကို အခြားသူတစ်စုံ တစ်ယောက် က လာဖွင့်ပေးဖို့ ထိုင်စောင့်နေကြခြင်း ဖြစ်ပါသည်။

# ကောင်ကလေးရဲ့ မှတ်စု

အပိုင်း(တစ်)

ရွှေရောင် သံယောဇဉ်တွေ တလက်လက်တဖိတ်ဖိတ်နဲ့ ဘဝရဲ့ တံစက်မြိတ်အောက်ကို တို့နှစ် ယောက် အတူတူ အရိပ်ခိုဖို့ အရောက်သွားကြမယ် နန္ဒာဝေရည်....။

နန္ဒာဝေရည်.... မင်းဟာ ငါ့ရဲ့ ဥယျာဉ်ကို စောင့်ရှောက်၊ ဝိညာဉ်မျိုး စေ့တွေ ကို အပင်ပေါက်လာစေတဲ့ နတ်သမီး ဖြစ်တယ်။ နန္ဒာဝေရည်.... မင်းဟာ အချိန်တွေ ကို ဖျက်ချိုး ၊ နေနဲ့လရဲ့ အလင်းကို အုပ်မိုးထားသူလည်း ဖြစ်တယ်။ နန္ဒာဝေရည်.... မင်းဟာ သစ်သီးရဲ့ ရနံ့တွေ ကိုပိုင်သူ၊ ဆောင်းဥတုရဲ့ ဘုရင်မလည်း ဖြစ်တယ်။ နန္ဒာဝေရည်....မင်းဟာ သမုဒယနွယ်မျှင်တွေ ကို ခိုစီး၊ ငါ့ဘဝရဲ့ စပျစ်သီးကလေးတစ်လုံးလည်း ဖြစ်ပေတယ်။

နန္ဒာဝေရည် ရယ်....

မင်းနဲ့ငါ တစ်ဘဝလုံးစာ အတူတူနေရဖို့အတွက် ပထမဦးဆုံး စက္ကန့်လေးကို လွဲချော်နောက်ကျသွားမှာ ငါ.... စိုးတယ်။ ချစ်သူရေ.... တို့နှစ် ယောက် ကြားမှာ နှင်းမထူ၊ မြူမခြားပါစေနဲ့၊ မသေချာမှု တွေ နဲ့ ဝေးကွာမနေချင်တော့ဘူး နန္ဒာဝေရည်...။

တို့ အတူနေချင်လှပြီကွယ်....

မိုက်မဲတယ်လို့ပဲပြောပြော၊ အမြော်မြင်နည်းတယ်ပဲဆိုဆို၊ ငါ ကတော့ လောကဓံကို အလံလုပ်ပွဲထိုးဖို့ ရင်ဖွင့်ကြိုပစ်လိုက်ချင်ပြီ နန္ဒာဝေရည်။ ကျေးရူးပြု၍ .... ကြိုး ဝိုင်းထဲကိုဝင်ပြီး ငါ့ကို ပန်းကုံးစွပ်လှည့်ပါလားကွယ်....။

ပရပ်ဆီဘူးလောက်မှ အသုံးမတည့်တဲ့.... အဲဒီ "ဘဝ" ဆိုတဲ့စကားလုံးကြီး ထည့်ထည့်ပြောနေသူတွေ ကို ငါ မုန်းတယ်။ နန္ဒာဝေရည်.... မင်းနဲ့ငါ နှစ် ယောက် ပေါင်းပြီး အဲဒီ "ဘဝ" ဆိုတာကြီးကို ဘောလုံးလို ကန်ပစ်လိုက်ကြရအောင်။ ငါတို့ တစ်သင်းတည်းနဲ့ နှစ် ဖက်ခွဲပြီး ကန်ကြမယ်။ ရှုံးပွဲမရှိစေရဘူး.... နန္ဒာဝေရည်။

မနက်ဖြန်နံနက်မှာ .... တို့နှစ် ယောက် တည်းနဲ့ ဘဝတစ်ခုကို အတူတူ အရဏ်တက်ရအောင် ကိုယ် မပျက်မကွက် လာခေါ်ပါမယ်။

သတ္တိရှိရှိ စောင့်လိုကြိုနေပါ နန္ဒာဝေရည်။

# အခန်း(၁)

သကြင်္န်ရက်များ ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်ထဲတွင် ပိတောက်ပန်းရနံ့တို့ သင်းပျံ့နေဆဲပင် ရှိသေးသည်။ ရေစိုသော နေ့ရက်များ ကို လွန်ခဲ့ပြီးစအချိန်သာ ဖြစ်သော ကြောင့် လမ်းမတွေ ခြောက်ခြောက်သွေ့သွေ့ရှိနေသော လည်း စိတ်ထဲတွင် အေးမြသည်ဟုပင် ထင်ချင်နေသေး၏ ။

ကျွန်တော် ရောက်သွားချိန်တွင် နန္ဒာဝေရည်၏ မိဘနှစ် ဦးစလုံး အလှူတစ်ခုသို့ သွားနေကြသဖြင့် သူမနှင့် ကျွန်တော် ခြံထဲရှိ စကြူပန်းပင်အောက်က ခုံတန်းရှည် ဖြူဖြူ ကလေးပေါ် အတူထိုင်ကာ လွတ်လွတ်လပ်လပ် စကားပြောခွင့်ရသည်။

ကျွန်တော် ယူလာသော လက်ဆောင်ကိုကြည့်ရင်း သူမက အံ့သြနေခဲ့သည်။ ဘာ ဖြစ်လို့ ယူလာတာလဲဟုလည်း မေး၏ ။ ကျွန်တော် က ဆယ့်ငါးရက်ခန့် ခရီးထွက်စရာရှိသည့်အကြောင်း ပြောပြ လိုက်သည်။

“ဟင်.... ဆယ့်ငါးရက်တောင်လား....၊ အကြာကြီးပဲနော်”

သူမက ကြိုတင်၍ လွမ်းနင့် သော စကားသံဖြင့် လေးလေးတွဲ့တွဲ့ပြောလေသည်။

သူမ၏ လွမ်းလွမ်းဆွတ်ဆွတ် ညည်းသံသည် နေမကောင်း ဖြစ်နေသော ကြောင်ပေါက်စလေး တစ်ကောင်၏ အစာတောင်းနေသံမျိုး နှင့် ခပ်ဆင်ဆင်တူနေကြောင်း သတိထားမိသော် လည်း ထိုကိစ္စကို (သိပ်ကဗျာမဆန်လှဟု ထင်သော ကြောင့် ) ကျွန်တော် မေ့ပစ်လိုက်သည်။

ထို့နောက် ချစ်သူ၏ အသံကို ကြယ်တာရာတို့၏ တယောကြိုး ကို လှုပ်နှိုးတီးခတ်လိုက်သည့် ကြေကွဲဖွယ် ဂီတနှင့် တူသည်ဟု တမင်တကာ စိတ်ကူးယဉ်ကြည့်လိုက်၏ ။ (အတင်းကို ဖျစ်ဖျစ်ညှစ်ညှစ် မြင်ယောင်ကြည့်ရသော စိတ်ကူး ဖြစ်သော ကြောင့် သိပ်လွမ်းစရာ မကောင်းလှဘဲ ခံစားမှု သည် တိုးလို့တန်းလန်းကြီး

ဖြစ်နေ၍ ) “အင်းပေါ့.... အကြာကြီးပဲ။ တို့တော့ နန္ဒာ့ကို အရမ်းလွမ်းနေရ မှာ ပဲကွာ၊ မလွဲသာလွန်းတဲ့ကိစ္စမို့လို့သာ သွားရမှာ ”

အမှန်စင်စစ် မလွဲသာလောက်အောင် အရေး ကြီးသည့် ကိစ္စဟူ၍ ဘာမှမရှိပါ။ ရွှေကျင်မြို့ တွင် နေသော ကျွန်တော့်သူငယ်ချင်း ခင်အေးက “မိုးမကျခင် တစ်ခေါက်လောက် လာလည်ဦးကွာ၊ ရွှေကျင်ချောင်း ဟိုဘက်ကူးပြီး ရောက်ခြံထဲမှာ ငှက်လိုက်ပစ်ရအောင်” ဟု စာရေး ပြီး ခေါ်သော ကြောင့် အပျော်သက်သက် သွားလည်ရုံသာ ဖြစ်၏ ။ သို့ သော် ထိုအကြောင်းကို နန္ဒာဝေရည်ကို ပြောပြ၍ မ ဖြစ်၊ လွမ်းစရာမကောင်းဘဲ နေလိမ့်မည် ။ တကယ်ဆိုလျှင် ချစ်သူနှစ် ဦး ခွဲခွာမှု သည် လွမ်းစရာကြေကွဲစရာ ပါဝင်ဖို့ လိုအပ်သည် မဟုတ်လား။

သူမက....။

“ဆယ့်ငါးရက်တောင်၊ ဟင့်အင်း.... မခွဲနိုင်ဘူး”

ဟု မောပန်းနွမ်းနယ်သံဖြင့် ပြော၏ ။ (တကယ်တော့ အဲသည်လောက်ကြီး ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည် ။ သူမ နည်းနည်း ပိုပိုသာသာပြောခြင်းလည်း ဖြစ်နိုင်၏ ) မျက်ရည်တွေ ဝိုင်းနေသော သူမအကြည့်ကို မြင်လိုက်ရသော အခါ ကျွန်တော် သူမကို နမ်းချင်စိတ်ပေါ်လာသည်။ အိမ်မှာ လူကြီးတွေ မရှိမှန်း သိသော ကြောင့် လည်း ကျွန်တော် စိတ်ကူးတွေ သည်မျှရမ်းကားရဲခြင်း ဖြစ်၏ ။

သို့ သော် ကျွန်တော် နည်းနည်း နောက်ကျသွားသည်။ သူမက ကျွန်တော် လည်ပင်းကို အရင်နမ်းလေသည်။

ဩော်.... ကျွန်တော် ၏ ချစ်လှစွာ သော ကြောင်ပေါက်စလေး နန္ဒာဝေရည်။

*********

“တို့ခရီးသွားနေတုန်း၊ တို့ကို နန္ဒာ အမြဲသတိရအောင်လို့ ဒီလက်ဆောင်လေး ပေးထားခဲ့မယ်”

ကျွန်တော့် လက်ဖမိုးပေါ် နားနေသော ကြက်တူရွေးကလေးကို သူမ မျက်လုံးအပြူး သား ငေးကြည့်ရင်း....

"အဲဒီ .... အဲဒီ အကောင်ကို နန္ဒာ ဘာလုပ်ရမလဲဟင်"

ဘုရားရေ.... ကြက်တူရွေးတစ်ကောင်ကို မွေးထားရုံအပြင် တခြား ဘာများ လုပ်ခိုင်းချင်သေးလို့လဲ နန္ဒာဝေရည်၊ ကမ္ဘာ့ဖလား ခြေစစ်ပွဲမှာ ဝင်ကန်ခိုင်းဖို့များ စိတ်ကူးထားသလား၊ ဒါမှမဟုတ် အရှေ့တောင်အာရှ ငွေကြေးဈေးကွက်အကြောင်း စာတမ်းတစ်စောင်လောက် ရေး ခိုင်းချင်သလား၊ ဒါမှမဟုတ် မင်းအဖေကြီးရဲ့ ဆံပင်ဖြူဖြူတွေကို ဒီကောင့်နှုတ်သီးကောက်ကောက်နဲ့ ဆိတ်လိုက် ပေါက်လိုက်လုပ်ပြီး နုတ်ပေးစေချင်လို့လား။

ကျွန်တော် က....

"မွေးထားဖို့လေ....နန္ဒာရဲ့ ၊ တို့ခရီးသွားနေတုန်း ဟောဒီကြက်တူရွေးကလေးကို နေ့တိုင်း အစာကျွေး၊ သူ့အမွေးလေးတွေ ကို ပွတ်ပေး၊ စကားသင်ပေးပေါ့...နန္ဒာ ပျင်းလည်း မပျင်းတော့ဘူး။ နောက်ပြီး.... ဒီငှက်ကလေးကိုမြင်တိုင်း တို့ကို သတိရနေမှာ ပေါ့၊ မကောင်းဘူးလား"

"အဲ.... အင်း....အင်း၊ ကောင်း....ကောင်းပါတယ်"

ရွံ့ဆုတ်ဆုတ်ဖြင့် ဖြေသော သူမ၏ စကားသံကြောင့် ကျွန်တော် အတော် စိတ်ပျက် သွားမိ၏ ။

ကျွန်တော့် စိတ်ကူးထဲတွင် တော့ အတော် လှပပါသည်။ ကျွန်တော် ခရီးသွားနေခိုက် သူမက ကြက်တူရွေးကလေးကို အစာကျွေးမည် ၊ ယုယုယယ ကိုင်ကာပွေ့ကာ အမွေးနုနုကလေးများ ဖြင့် သူမပါးကို အပ်ထားမည် ။ နောက်.... "သိပ်ချစ်တာပဲ"၊ "လွမ်းလိုက်တာ"၊ "မောင့်ကို သတိရတယ်" စသော ချစ်ခြင်းစကားလုလုကလေးများ ကို သင်ပေးထားမည် ။ ကျွန်တော် ခရီးထွက်ရာမှ ပြန်လာသော အခါ ကြက်တူရွေးကလေးကို ချော့ကာ၊ မြူကာ၊ သူမသင်ထားသော

စကားလုံးကလေးများကို ပြန်ရွတ်ခိုင်းရင်း ရယ်မောကြည့်နူးကြမည် ။ ဟဲ....
မကောင်းဘူးလား.... နန္ဒာဝေရည်။ မင်းက ဘာ ဖြစ်လို့ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေရတာ လဲ။

သူမက အနည်းငယ် စိတ်ပူသော မျက်နှာဖြင့် ကျွန်တော့် ကို လှမ်းကြည့်ရင်း....

"ဟိုဒင်းလေ.... အဲဒီ ကြက်တူရွေးကို ဘာတွေ ကျွေးရမှာ လဲ ဟင်"

ပြဿ နာပဲ၊ ကြက်တူရွေး ဘာစားတတ်သလဲ။ ကျွန်တော် လည်း မသိပါ။ မနေ့ညက နန္ဒာဝေရည်ကို ကြည်တူရွေး လက်ဆောင်ပေးရန် စိတ်ကူးရသော ကြောင့် သည်နေ့ မနက်စောစော ငှက်မွေးသည့် သူငယ်ချင်း တစ်ယောက် ထံမှ ကမန်းကတန်း သွားဝယ်လာခြင်း ဖြစ်သည်။ ပိုက်ဆံမလောက်သော ကြောင့် အကောင်ကြီးကြီး ဝယ်မရခဲ့၊ ပေါက်စနလေးသာရလာသည်။ ကြက်တူရွေး ဘာစားတတ်မှန်း ပိုင်ရှင်ကို မေးရန်လည်း သတိမရခဲ့။

"ဟိုကွာ.... ငရုတ်သီးတွေ ဘာတွေ စားတာတော့ တွေ့ဖူးတာပဲ....၊ နောက်ပြီး....။"

ကျွန်တော် မှတ်မိသလောက် ကြက်တူရွေးအကြောင်းများ ကို ကမန်းကတန်း ပြန်စဉ်းစားကြည့်လိုက်သည်။ ခေါင်းထဲ ဘာမှ ပေါ်မလာ။

"နောက်ပြီး....၊ အင်း....ငှက်ဆိုတော့ တခြားသီးနှံတွေ လည်း စားမှာ ပေါ့"

ကျွန်တော် ပြီးစလွယ် ပြန်ဖြေလိုက်၏ ။

နန္ဒာဝေရည်က မျက်လုံးကလေးများ ဝိုင်းနေအောင် စဉ်းစားသည်။ နောက်....သူမက....

"ဟိုဒင်း.... ဒါဆို၊ မုန်လာဥတို့ဘာတို့ကော...."

"ဟာ မုန်လာဥတော့ စားမယ်မထင်ပါဘူး၊ အသီးအနှံဆိုတာ အဲဒါမျိုး ကိုပြောတာ မဟုတ်ဘူးလေ....ငှက်ပျောသီးတို့ ဘာတို့ အဲဒါမျိုး ပေါ့"

"ဒါဆို.... သံပရာသီးတို့ ရှောက်သီးတို့ကော"

ကိုယ်ဝန်ဆောင် ကြက်တူရွေးမဆိုလျှင်တော့ ချင်ခြင်းတပ်နေခိုက် နှင့် ကြုံလျှင် စားချင်စားလိမ့်မည် ဟု ကျွန်တော် တွေ းကြည့်လိုက်မိသည်။

"မပြောတတ်တော့ဘူးကွာ၊ ကျွေးကြည့်ပေါ့၊ မစားရင် နောက်တစ်မျိုး ပြောင်းကျွေးကြည့်ပေါ့"

ကဲ.... သည့်ထက်ကောင်းသည့် ကြက်တူရွေး မွေးမြူနည်း ရှိနိုင်ပါတော့ဦးမလား။

ကျွန်တော် တို့နှစ် ယောက် လက်ထပ်ပြီးလျှင် အိမ်တွင် း တစ်နိုင်မွေးမြူရေး ၊ တစ်နိုင်စိုက်ပျိုး ရေး လုပ်ဖို့ကောင်းသည်ဟု တွေ းမိ၏ ။

သူမ မကိုင်ရဲမှန်းသိသော ကြောင့် ကျွန်တော် က ကြက်တူရွေးကို ထိုင်ခုံလက်တန်းပေါ် တင်ပေးထားလိုက်သည်။ သူမက....

"ဘယ်တော့ ခရီးထွက်မှာ လဲ ဟင်"

"သန်ဘက်ခါ"

"ဟင် ချက်ချင်း ကြီး"

နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်သံနှင့် အတူ နမြောတသ ကြေကွဲသော မျက်လုံးဝိုင်းဝိုင်းများ ဖြင့် ကျွန်တော့် မျက်နှာကို မော့ကြည့်သည်။ ခဏအတွင် းမှာ ပင် ကောင်မလေး မျက်ဝန်းထဲတွင် မျက်ရည်စက်တို့ ဝေ့လည်လာသည်ကို မြင်ရ၏ ။

ကျွန်တော် လည်း ချက်ချင်း ကြီးကို လွမ်းပစ်လိုက်သည်။

"တို့.... နန္ဒာနဲ့ တစ်စက္ကန့်မှ မဝေးချင်ဘူး"

ဟုကျွန်တော် သူမနားရွက်နားကိုကပ်ကာ တိုးတိုးကလေး ရေရွတ်လိုက်သည်။ ချက်ချင်း ပင် မနှစ် တုန်းက ရွှေကျင်တစ်ဖက်ကမ်း ဝင်းခနိမ်ရွာရှိ ရောက်ခြံထဲတွင် ငုက်လိုက်ပစ်ခဲ့ပုံကို ပြန်သတိရလာသည်။ အတော် ပျော်ဖို့ကောင်းတာပဲ။ ဒီတစ်ခါသွားရင်တော့ ရိုးမတောင်ခြေအထိ ရောက်အောင် လျှောက်လည်လိုက်ဦးမယ်။

အို.... ငါ ဘာတွေ လျှောက်တွေ းနေတာလဲ။

လောလောဆယ်တွင် ကျွန်တော့်ဘေးမှာ ရှိနေသော နန္ဒာဝေရည်ကို လွမ်းရဦးမည် ။ တစ်စက္ကန့်လေးတောင် မခွဲခွာချင်ကြောင်း ပြောရဦးမည် ။ ကောင်မလေးကလည်း (အိမ်မှာ လူကြီးတွေ မရှိသော ကြောင့် ) အရမ်းလွမ်းတတ်လွန်းနေသည်။

ကဲ.... လွမ်းလိုက်တာ နန္ဒာဝေရည်ရယ်။